

ADRA

# Mingalaba
# မင်္ဂလာပါ

I42 | September - October 23

## မဝင်းဝင်း၏ ဇာတ်ကြောင်း

ပညာရေးမှတစ်ဆင့် တောက်ပသော အနာဂတ်ဆီသို့

# Mingalaba
# မင်္ဂလာပါ

ISSUE 42 | SEPTEMBER - OCTOBER 2023

## ADRA ၏ အကြောင်း

Adventist Development and Relief Agency (ADRA) သည် သတ္တမနေ့ကို မြှော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ရုံးတော်အဖွဲ့တစ်ခုလည်းဖြစ်သည်။ ADRA သည် လူမျိုး၊ နိုင်ငံရေးဆက်နွယ်မှု၊ ကျား၊ မ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့တို့ကို ခွဲခြားခြင်းမရှိဘဲ နိုင်ငံပေါင်း ၁၂၀ ရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်လျက်ရှိသည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယဥ်ကျေးမှုအရ သက်ဆိုင်သော အစီအစဉ်များကို ပေးအပ်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ပြောင်းလဲမှုအတွက်လည်း စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ADRA Myanmar ၏ အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြုမှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းလည်းဖြစ်သည်။ ၁၉၈၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံးနိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီးလေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

# CONTENTS


၂ အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး

၄ ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း

၅ ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်း အချက်အလက်များ


# EDITORIAL


**EDITOR/TRANSLATOR**
Pyae Phyo Lin

**SUPERVISING EDITOR**
Vitalie Zegera

**CONTRIBUTERS**
Nilar Win Naing, Aung Cho Min, Nan Khin Khin Tun, Phyu Zin Thet Naing, Nan Khin Khin Tun, Aung Nyi Nyi Htwe, Saw Dawait, Nang Moung Koh Pawh Awr

**PUBLISHER**
ADRA Myanmar


*'Mingalaba' is the official newsletter of ADRA Myanmar re-launched in March 2020. Photos and content are the property of ADRA Myanmar.



## ဝင်းဝင်း၏ ဇာတ်ကြောင်း

မဝင်းဝင်း၏ဘဝသည် မလွယ်ကူပေ။သူမသည် အသက် ၁၂ နှစ်သာရှိသေးသော်လည်း၊ အရွယ်ရောက်ပြီးသူအများစု၏ အတွေ့အကြုံထက် သာလွန်သော စမ်းသပ်မှုများကို ကြုံတွေ့ခဲ့ရသည်။ သူမသည် မိခင်နှင့် အတူတူ မိသားစုအတွက် တောင်ယာလုပ်ငန်းကနေ အသက်မွေးဝမ်းကြောင်းပြုကြသည်။

သူမတွင် ဖခင်မရှိတော့သည့်အတွက် မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရှာရန် လယ်ယာလုပ်ငန်းမှာ ကူညီဖို့တာဝန်ယူခဲ့ရသည်။

သူမတို့ဒေသတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ဒေသခံရွာသားများ မကြာခဏ တိမ်းရှောင်နေရရာတွင် နောက်ဆုံး၌ သူမတို့ကို ရွာတစ်ရွာတွင် အခြေချနေထိုင်စေခဲ့သည်။ ယင်းအခြေအနေသည် သူမ၏ ပညာရေးခရီးကို သိသိသာသာ အနှောင့်အယှက်ဖြစ်စေခဲ့သည်။

သို့သော်လည်း သူမသည် အခက်အခဲများကြားမှ ပညာဆက်လက်သင်ကြားရန် ဆုံးဖြတ်ခဲ့သည်။ Global Affairs Canada နှင့် ADRA Canada တို့မှ ပံ့ပိုးပေးသော BRIGHT စီမံကိန်းကြောင့် မဝင်းဝင်းသည် ရပ်ရွာကိုယ်ထူကိုယ်ထကျေးရွာ ALP စင်တာတွင် ပညာသင်ကြားရန် စာရင်းပေးသွင်းနိုင်ခဲ့ပြီး သူမ၏ ပညာဆက်လက်သင်ယူနိုင်ခဲ့သည်။

မဝင်းဝင်းသည် ပုံဆွဲခြင်းကို အလွန်ဝါသနာပါပြီး အင်္ဂလိပ်စာလေ့လာရန် စိတ်ပါဝင်စားသူဖြစ်သည်။ သူမ၏အစ်မအကြီးဆုံးသည်လည်း သူမအားဖြစ်နိုင်သည့်အခါတိုင်း အိမ်စာနှင့် အိမ်အလုပ်တာဝန်များအတွက်  အကူအညီပေးခဲ့သည်။

BRIGHT စီမံကိန်းသည် ဝေးလံခေါင်သီသောဒေသများတွင် နေထိုင်သော ထိခိုက်လွယ်သော မိန်းကလေးများနှင့် အမျိုးသမီးများအတွက် သာတူညီမျှသော ပညာရေး ပံ့ပိုးမှု ရလဒ်များ တိုးတက်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာစီမံကိန်းကျေးရွာများတွင် ဆောင်ရွက်နေခြင်းဖြစ်သည်ပါသည်။

စီမံကိန်းလုပ်ငန်းတွင် ထောက်ပံ့ကြေးပေးခြင်း၊ သင်ထောက်ကူပစ္စည်းများပေးခြင်း၊ ကျောင်းပြုပြင်မွမ်းမံခြင်းနှင့် ပရိဘောဂများ၊ အဝတ်အထည်များနှင့် အစားအသောက်များကိုလည်း ထောက်ပံ့ပေးခြင်းတို့ပါဝင်သည်။ မဝင်းဝင်းကဲ့သို့ ကျောင်းသားများသည်လည်း ဆန်၊ ကြက်ဥ၊ ဆီ၊ ပဲဝါ၊ ဆန်ခေါက်ဆွဲ စသည်တို့ကို အာဟာရထောက်ပံ့မှုအနေဖြင့် လက်ခံရရှိခဲ့သည်။

BRIGHT စီမံကိန်းကြောင့် ကျောင်းပြန်တက်ပြီး ပညာဆက်လက်သင်ကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်း မဝင်းဝင်းက ပြောကြားသည်။ သူမသည် သူမ၏ဘဝတွင် အပြုသဘောဆောင်သော အပြောင်းအလဲတစ်ခုကို ခံစားခဲ့ရပြီး ပညာရေးဆိုင်ရာ အခွင့်အလမ်းသစ်များ ရရှိမှုကို တန်ဖိုးထားခဲ့သည်။ ဤပံ့ပိုးကူညီမှုဖြင့် သူမသည်တိုးတက်မှုကို အမီလိုက်နိုင်ခဲ့ပြီး အခြေအနေတစ်ခုသို့တက်လှမ်းနိုင်သည်။

BRIGHT စီမံကိန်း၏ ပံ့ပိုးကူညီမှုကြောင့် သူမသည် သူမ၏ဆန္ဒများကို လက်တွေ့ပြောင်းလဲရန် ခြေတစ်လှမ်းပိုနီးလာသည်ဟု ယုံကြည်ထားသည်။

> “ ကျွန်မရဲ့အိပ်မက်ဖြစ်တဲ့ သူနာပြုတစ်ယောက်ဖြစ်အောင်လုပ်ဖို့ ဆန္ဒရှိပါတယ်။ ပညာရေးက ဒီပန်းတိုင်ကို ရောက်ဖို့ ကျွန်မရဲ့ခရီးလမ်းမှာ အခြေခံအုတ်မြစ်ဖြစ်တယ်ဆိုတာ သိနားလည်ထားပါတယ်။”

## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



# KHIN OHNMAR HTWE

### Finance Coordinator - Yangon Office

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
ရှမ်း/မြန်မာပါ

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
ရှမ်းခေါက်ဆွဲကြိုက်ပါတယ်။

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
အပြာရင့်ရောင်ပါ။

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
ခရီးသွားရတာကို ကြိုက်နှစ်သက်ပါတယ်။

**Q5 ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားရောက်လည်ပတ်ချင်ပါသလဲ။**
Australia

**Q6 ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။**
Kind

**Q7 ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။**
ဧပြီလ ၂၀၂၂ ခုနှစ်ပါ။

**Q8 ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။**
ကောင်းမွန်တဲ့ လုပ်ငန်းခွင်ကြောင့် ကြိုက်နှစ်သက်ပါတယ်။

ADRA

## ကျွန်ုပ်တို့အဖွဲ့နှင့် လက်တွဲပါ

**Adventist Development and Relief Agency (ADRA) သည် ကမ္ဘာတစ်ဝန်းရှိ ထိခိုက်လွယ်သော လူမှုအသိုင်းအဝန်းထံသို့ အကူအညီများ ပေးအပ်နိုင်ရန်အတွက် နိုင်ငံများအသီးသီးတွင် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ADRA Myanmar သည်လည်း ADRA ကွန်ရက်အတွင်း 'အကောင်အထည်ဖော်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆိုင်ရာရုံး ဖြစ်ပါသည်။**

**ကျွန်ုပ်တို့၏ဝဘ်ဆိုဒ် www.adramyanamr.org သို့ ဝင်ရောက်ကြည့်ရှုပါ။ သို့မဟုတ် သင့်စိတ်ပါဝင်စားမှုအတွက် recruitment@adramyanmar.org သို့ အခုပင်မေးလ်ပေးပို့လိုက်ပါ။**

# ယခုလအတွက် ဓာတ်ပုံ



ဓာတ်ပုံ၏အကြောင်း

WC4P စီမံကိန်းအကောင်အထည်ဖော်ရာ ကရင်ပြည်နယ်အတွင်းရှိ စီမံကိန်းအဓိကဆောင်ရွက်မည့် ကျေးရွာတွင် စာသင်ကြားနေထားသော ကလေးငယ်များကိုတွေ့ရစဉ်။

# CONTACT US


**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## SEAQE2

ယခုလတွင် SEAQE2 စီမံကိန်းသည် NFE ဆရာ အတတ်သင်သင်တန်းကို NFE ဆရာများအတွက် ၎င်းတို့၏ သင်ကြားရေးစွမ်းရည်များ မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည်။ ဤအစီအစဉ်တွင် ဆရာဆရာမ သုံးဦး တက်ရောက်ခဲ့ပြီး စာသင်ခန်းအတွင်းစီမံခန့်ခွဲမှု၊ သင်ခန်းစာစီစဉ်ခြင်း၊ ထိရောက်သောဆက်သွယ်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဆိုင်ရာ သဘောတရားများကို မိတ်ဆက်ပို့ချပေးခဲ့သည်။

– ဒုတိယအကြိမ်မြောက် မိဘဆရာဆိုင်ရာ PTA သင်တန်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၅ ရက်အထိ ကျင်းပခဲ့ပြီး မိဘ–ဆရာ ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြုလုပ်သော သင်တန်းလည်းဖြစ်သည်။ ထို့ပြင်အပြုသဘောဆောင်သောဆက်ဆံရေး၊ မိဘများ၏ ပါဝင်ပတ်သက်မှုနှင့် ကလေး၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးတိုးတက်မှုကို မြှင့်တင်နိုင်ရန်လည်းအဓိကထားပြုလုပ်ခြင်းဖြစ်သည်။





## ReCAP

ယခုလတွင် ReCAP စီမံကိန်းသည် အောက်ပါ လုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် အခြေခံစစ်တမ်းကောက်ယူခြင်းအတွက် အခြေခံသင်တန်းကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း သင်တန်းသားခြောက်ဦး တက်ရောက်ခဲ့သည်။

– သက်ဆိုင်ရာဒေသရှိ ReCAP စီမံကိန်း လုပ်ငန်းများ၏ ရည်ရွယ်ချက်နှင့် စီစဉ်ထားသော လုပ်ငန်းဆောင်တာများကို ဆက်သွယ်ဆောင်ရွက်ရန် ကျေးရွာခေါင်းဆောင်နှင့် စီမံချက်အစည်းအဝေးတစ်ခုကို ပြုလုပ်ခဲ့သည်။









## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## CASE2LEARN

ဥရောပသမဂ္ဂမှ ရန်ပုံငွေပံ့ပိုးထားသော CASE2Learn စီမံကိန်းအဖွဲ့သည် ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ မိတ်ဖက်အဖွဲ့အစည်းအတွက် သုံးရက်တာ သဘာဝဘေးအန္တရာယ်လျော့ပါးရေး (DRR)သင်တန်း နှင့် WASH ကျန်းမာရေးဆိုင်ရာ လေ့ကျင့်ရေး အစီအစဉ်ကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

သင်တန်းကာလ တစ်လျှောက်လုံးတွင် သင်တန်းသားများသည် အမျိုးမျိုးသော လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ကြပြီး CASE2Learn စီမံကိန်းအဖွဲ့မှ သင်တန်းဆရာများသည် သင်ယူမှုအတွေ့အကြုံကိုမြှင့်တင်ရန် ထိရောက်သော သင်ကြားမှုနည်းလမ်းများကို ကျွမ်းကျင်စွာ အသုံးပြုခဲ့ကြသည်။



## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ

















# REACH

REACH စီမံကိန်းမိတ်ဆက်ခြင်း အစည်းအဝေးကို ရန်ကုန်မြို့၊ Park Royal Hotel တွင် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ADRA Myanmar နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ အပါအဝင် လူဦးရေ ၃၈ ဦးခန့်ဖြင့် နံနက် ၈ နာရီမှစတင်၍ ကျင်းပခဲ့သည်။

REACH စီမံကိန်းသည် ဘက်စုံသုံးငွေသား အကူအညီနှင့် ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများကို ပံ့ပိုးပေးခြင်းဖြင့် ဒေသခံအိမ်ထောင်စုများနှင့် လူမှုအသိုင်းအဝိုင်းအား ကြံ့ကြံ့ခံနိုင်ရည်ရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

သုံးရက်ကြာမြင့်သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ADRA Myanmar မှ စီစဥ်ဆောင်ရွက်ပေးခဲ့သည်။ မိတ်ဆက်ပွဲအတွင်း ADRAMyanmar မှ သက်ဆိုင်ရာ စီမံကိန်းတာဝန်ရှိသူများက စီမံကိန်း အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

# ဝန်ထမ်းသစ် မိတ်ဆက်





**Soe Wai Htet**
Medical Specialist
ReCAP Project



**Thinzar Win Pyae**
TVET Officer
CASE2LEARN Project



**Thae Thinza Yee**
Medical Specialist
REACH Project



**Theint Theint Khaing**
HMIS Officer/ MEAL Assistant
REACH Project



**Thuzar Hlaing**
Education and Protection Specialist
REACH Project

# CALENDAR



## NOVEMBER 2023

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 Tazaungdaing Holiday | 28 | 29 | 30 | | |

**UPCOMING EVENTS**

Timesheets are due on the 25th of each month

ADRA